# မိုဘိုင်းဖုန်း ဖြင့်အရေးပေါ် သတိပေးခြင်း

GET READY .govt.nz

## သင့်ကျန်းမာရေး၊ အသက်အိုးအိမ်တို့နှင့်ပါတ်သက်၍ကြီးမား သောဘေးအန္တရာယ်တွေကြုံရမည်ဆို ပါက၊ သင်၏ မိုဘိုင်းဖုန်း သို့ အရေးပေါ်သတိပေးချက်ကို ပေးပို့နိုင်ပါသည်။

မိုဘိုင်းဖုန်းအရေးပေါ်သတိပေးချက် ဆိုသည်မှာ တာဝန်ရှိအဖွဲ့အစည်းတစ်ခုက၊ သင့်ဖုန်းသို့ ပေးပို့သည့် သတင်းမက်ဆေ့(ချ်) ဖြစ်သည်။ ထိုမက်ဆေ့(ချ်) က ဆူညံသံတစ်ခုကို ဖြစ်ပေါ်စေခြင်းဖြင့် သင့်ကို နိုးကြားအောင် သတိပေးလိမ့်မည်။

## အကယ်၍မိုဘိုင်းဖုန်း အရေးပေါ် သတိပေးချက် ကို သင်ရရှိခဲ့လျှင် ဘာလုပ်မလဲ

သင်လုပ်နေတာတွေကို ရပ်လိုက်ပြီး၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပါ။

အရေးပေါ် မိုဘိုင်းဖုန်း သတိပေးချက်ကို အောက်ပါကိစ္စရပ်များအတွက်သာ ပေးပို့လိမ့်မည် -

- သင်၏ အသက်အိုးအိမ်စည်းစိမ်နှင့် ကျန်းမာရေး တို့ကို ကြီးမားစွာ အန္တရာယ်ဖြစ်စေနိုင်သော ခြိမ်းခြောက်မှု ရှိလာခဲ့လျှင်သော်လည်းကောင်း သို့မဟုတ်
- တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် စမ်းသတ်မှု ပြုလုပ်လိုလျှင် လည်းကောင်း

ထို ကဲ့သို့ သတိပေးချက်တစ်ခု ရရှိခဲ့လျှင်၊ အရေးကြီးသည်ဟုမှတ်ယူပြီး၊ ညွှန်ကြား ချက်များအတိုင်း ဆောင်ရွက်ပါ

အရေးပေါ်မိုဘိုင်းဖုန်းသတိပေးချက်ကို ဖုန်းအားလုံးက ရယူနိုင်စွမ်းမရှိသည့်အတွက်၊ သင့်ဖုန်းတွင်၊ သတိပေးချက် ရရှိခဲ့လျှင် ကျန်သူအားလုံးကို အသိပေးပါ။

## အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်ကို ရရှိရန် စာရင်းသွင်းလျှောက်ထားဖို့ လိုအပ်ပါသလား

အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်ကို ရရှိရန် စာရင်းပေးသွင်းခြင်း၊ အပလီကေးရှင်းကို ဒေါင်းလုပ်လုပ် ခြင်း များပြုလုပ်ရန်မလိုအပ်ပါ၊ အရေးပေါ်ဖြစ်သောနေရာဒေသများကိုသာ ဦးတည်ချက်ထား၍ သတိပေးချက်များကို ပို့မည်ဖြစ်သဖြင့်၊ သင့်ဒေသတွင် အရေးပေါ်အခြေအနေဖြစ်ပေါ်မှသာ ထို သတိပေး ချက်များကို သင်ရရှိမည်ဖြစ်သည်။

သင့်ဖုန်းကို ဖွင့်ထားလျက်ရှိစဉ်၊ သင့်ဖုန်းကလည်း၊ သတင်းကိုလက်ခံရယူနိုင်သည့် အရည်အသွေး ရှိပြီး၊ သတ်မှတ်ထား သည့်နေရာဒေသတွင်လည်းရှိနေလျှင်၊ သတိပေးချက်များကို သင်ရရှိပါလိမ့်မည်၊

## အရေးပေါ်သတိပေးချက်များကို မည်သူတွေက ပေးပို့နိုင်ပါသလဲ

အရေးပေါ် မိုဘိုင်းဖုန်းသတိပေးချက်များကို ပေးပို့နိုင်သည့် အဖွဲ့အစည်းများမှာ -

- National Emergency Management Agency (အမျိုးသားလုံးဆိုင်ရာ တနိုင်ငံလုံးအတိုင်းအတာ အရေးပေါ်စီမံခန့်ခွဲမှု အဖွဲ့)
- Civil Defence Emergency Management Groups (ပြည်သူ့ ကာကွယ်ရေး အရေးပေါ်စီမံခန့်ခွဲမှု အဖွဲ့များ)
- NZ Police (နယူးဇီလန် ရဲတပ်ဖွဲ့)
- Fire and Emergency New Zealand (မီးသတ်နှင့် အရေးပေါ်ဌာန နယူးဇီလန်)
- Ministry of Health (ကျန်းမာရေး ဝန်ကြီးဌာန) နှင်
- Ministry for Primary Industries (စက်မှုလုပ်ငန်းမူလထုပ်ကုန်များ ဆိုင်ရာ ဝန်ကြီးဌာန)

## အခြားသော နေရာများမှ သတိပေးကြေညာချက်များ ကို အရေးပေါ်မိုဘိုင်းဖုန်းသတိပေးချက် ဖြင့် အစားထိုးခြင်းမပြုပါ

အရေးပေါ် မိုဘိုင်းဖုန်းသတိပေးချက်သည်၊ သင့်အားလုံခြုံစေရန်နှင့် အရေးပေါ်အခြေအနေတွင် သတင်းများသိရှိနိုင်စေရန် ထပ်မံတိုးချဲ့ထားသည့် အစီအစဉ်တစ်ခုဖြစ်ပါသည်၊ ၎င်းသည် အခြားသော သတိပေး စံနစ်များကို အစားထိုးခြင်းမဟုတ်ပါ၊ သဘာဝဘေးဒါဏ် သတိပေးချက် ရရှိပြီးနောက် မှ လုပ်ဆောင်ရမည့် လိုအပ်ချက်များ ကိုလည်း အစားထိုးခြင်း မဟုတ်ပါ။

အရေးပေါ်အခြေအနေတစ်ခုအတွက် သင် ကြိုတင်ပြင်ဆင်သင့်ပါသည်၊ သင် လု

## အမြဲတမ်း သတင်းတွေရရှိနိုင်မည့် နည်းလမ်းများ

ပ်သင့်လုပ်ထိုက်သည်များ ကိုလုပ်ရန် သတိ ပေးချက်ကို စောင့်ဆိုင်းမနေသင့်ပါ၊





သင့်စိတ်ထဲတွင်၊ အန္တရာယ်ကျရောက် တော့မည်ဟု ခံစားရလျှင်၊ တရားဝင် သတိပေးကြေညာချက်ကို မစောင့်ပါနှင့်၊ ချက်ခြင်း တစ်ခုခုလုပ်ပါ၊

အရေးပေါ်အခြေအနေတွင် ဘာလုပ်ရမည်၊ ဘယ်သွားရမည်၊ မည်သူက သင့်ကို ကူညီနိုင်သည်၊ မည်သူတွေ သင့် အကူအညီ လိုနေသည် စသည်တို့ ပါဝင်သော သင့်ကိုယ်ပိုင် အရေးပေါ်စီမံချက်ကို အချိန်ယူပြီး ရေးဆွဲပါ၊ သင့်စီမံချက်ကို getready.govt.nz အွန်လိုင်းတွင် ပြုလုပ်နိုင်ပါသည်။

## အရေးပေါ်မိုဘိုင်းသတိပေးချက်ကို ဘယ်လိုဆောင်ရွက်သွားမှာလဲ

အရေးပေါ်မိုဘိုင်းသတိပေးချက်သည်၊ သီးသန့်အထူးတလည်ပြုလုပ်ထားသည့် အချက်ပြစံနစ်ကို အသုံးပြုသောကြောင့်၊ အရေးပေါ်အခြေအနေ၌ မိုဘိုင်းဖုန်းနှင့် အ




1. တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းသည်၊ အရေးပေါ်အခြေအနေသက်ရောက်မည့် ဒေသကို သတ်မှတ်ဆုံးဖြတ်ပြီး၊ သတိပေးချက်တစ်ခုကို ဖန်တီးပါသည်
2. သတိပေးချက်ကို သက်ဆိုင်ရာ ဆယ်လူလာတာဝါမှ ထုပ်လွှင့်ပါသည်
3. အရေးပေါ်အခြေအနေသက်ရောက်သည့်ဒေသတွင်းရှိ၊ လက်ခံနိုင်စွမ်းရှိသည့် မိုဘိုင်းဖုန်းများက ထိုသတိပေးချက်ကို ရရှိပါသည်။

င်တာနက် အသုံးများပြီး နက်ဝပ် (network) ပြည့်ကျပ်နေသောအခါလည်း ၎င်းကို ယုံကြည်စာအားထားနိုင်ပါသည်။

မည်သည့် ဖုန်း နက်ဝပ် (network) ကိုသုံးနေသည်ဖြစ်စေ အကြောင်းမဟုတ်ပါ၊ စွမ်းဆောင်ရည်ရှိသည့် မည်သည့် ဖုန်းမျိုးမဆို သတင်းထုတ်လွှင့်သည့် ဒေသသို့ သတင်းလွှင့်ချိန် ဝင်ရောက်လာပါက၊ သတိပေးချက်ကို လက်ခံရရှိပါမည်။

## အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်ကို ရယူခြင်းမပြုရန် ငြင်းဆိုနိုင်ပါသလား

အရေးပေါ်မိုဘိုင်းသတိပေးချက်သည် သင်၏လုံခြုံရေးအတွက် ဖြစ်ပါသည်၊ ထို့ကြောင့် သင့်အနေဖြင့် အရေးပေါ်မိုဘိုင်းသတိပေးချက်ကို ရယူခြင်းမပြုရန် ငြင်းဆိုနိုင်ခြင်းမရှိပါ၊ ဦးတည်ထားသည့်ဖုန်းများသို့ အရေးပေါ်သတိပေးပို့ခြင်း မဟုတ်ပါ၊ အန္တရာယ်ရှိကြောင်းသတ်မှတ်သည့် နေရာဒေသသို့ ဦးတည်ချက်ထားပြီး၊ ထုတ်လွှင့်ကြေညာပေးခြင်းသာဖြစ်သည်၊ အရေးပေါ် မိုဘိုင်းဖုန်း သတိပေးချက် သည် သင့်ဖုန်းနံပါတ်ကို အသုံးပြုခြင်း၊ သင်နှင့် ပါတ်သက်သည့် အချက်အလက်များကို ကောက်ယူခြင်းတို့ကို မပြုလုပ်ပါ။

**အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်နှင့် ပါတ်သက်၍ ပိုမိုသိလိုသည်များရှိပါက၊ getready.govt.nz တွင် ကြည့်ရှုပါ။**